**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

**အားကစားနှင့်ကာယပညာဦးစီးဌာန**

**နေပြည်တော်**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| **စဉ်** | **ရာထူး/လစာနှုန်းကျပ်** | **ခန့်ထားမည့် အရေအတွက်** | **အနိမ့်ဆုံးပညာ အရည်အချင်းသတ်မှတ်ချက်** |
|---|---|---|---|
| (က) | နည်းပြ(နည်းစနစ်)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၃၈ နေရာ | သိပ္ပံဘွဲ့ (အားကစားပညာ) (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ၊ ပြည်နယ်/တိုင်းဒေသကြီး လက်ရွေးစင်အဖြစ် (၂)ကြိမ်နှင့်အထက်ကစားဖူးပြီး ဆုတံဆိပ်ရရှိသူဖြစ်ရမည်။ မြန်မာ့လက်ရွေးစင်ဖြစ်ပါက ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။ အဓိက အားကစားကျွမ်းကျင်မှုနှင့် ကြံ့ခိုင်စွမ်းရည် စစ်ဆေးခံရမည်။ |
| ( ခ ) | စာရင်းကိုင်(၂)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၅ နေရာ | CPA/B.Com/ B.Econ/ B.Act/ BBA/ B.BSc (Accounting and Finance) (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး၊ DA အောင်မြင်ရမည်။ |
| ( ဂ ) | ဒု-ဦးစီးမှူး (သုတေသန)<br>၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၃ နေရာ | M.Sc ဘွဲ့ရရှိရမည်။ |
| (ဃ) | ဒု-လ/ထကွန်ပျူတာ စီစဉ်ရေးမှူး<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး၊ ကွန်ပျူတာ စာစီ/စာရိုက်ကျွမ်းကျင်၍ သင်တန်းဆင်း လက်မှတ်ရှိရမည်။ |
| ( င ) | ဒု-လ/ထဦးစီးမှူး (သုတေသန)<br>၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၄ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး သုတေသန လုပ်ငန်း စိတ်ပါဝင်စားသူဖြစ်ရမည်။ |

၂။ (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှထုတ်ပယ် (Removal) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ စာမေးပွဲဝင်ကြေးငွေကျပ် ၂၀၀၀/- (ကျပ်နှစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ် ငွေထုတ်စာရင်းအမှတ် (MD-010442) သို့ ပေးသွင်းကြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)

(ဂ) အားကစားအရည်အချင်းအတွက် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်၏ ထောက်ခံချက်မိတ္တူ(စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)

(ဃ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ

(င) ပြင်ပပုဂ္ဂိုလ်များအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)

(စ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာန၊ အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာနအဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း

(ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ ၁ လအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရမည်။

( ဇ ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာဆရာဝန်၏ ဆေးထောက်ခံစာမူရင်း

( ဈ ) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာ မရရှိသေးသူ (နေ့စားဝန်ထမ်း) များသည် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ၆ လ အတွင်း အကျင့်စာရိတ္တကောင်းမွန်ချက် မူရင်းပါရှိရမည်။

(ည) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်

( ဋ ) ဝင်ကြေးငွေပေးသွင်းပြီးကြောင်းချလန်မူရင်း

( ဌ ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း

၅။ ပြင်ပပုဂ္ဂိုလ်များနှင့် ချိန်နှုန်းလစာမရရှိသော ဌာနဆိုင်ရာများတွင်လုပ်ကိုင်နေသူများသည် ၈-၇-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)သို့ လျှောက်ထားရမည်။

၆။ အစိုးရဌာနတစ်ခုခုတွင် ချိန်နှုန်းလစာနှင့်တာဝန်ထမ်းဆောင်သူများသည် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တစ်ဆင့် လျှောက်ထားကြရမည်။ လျှောက်လွှာမိတ္တူ ၁ စောင်ကို ညွှန်ကြားရေးမှူးချုပ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်သို့ လိပ်မူ၍ ၃-၇-၂၀၂၄ ရက်နေ့မတိုင်မီ ကြိုတင်ပေးပို့ရမည်။

၇။ ဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ Website ဖြစ်သော [www.mosya.gov.mm](http://www.mosya.gov.mm) နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန Ministry of Sports & Youth Affairs Facebook Page တို့တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၈။ လျှောက်ထားသူသည် အားကစားဆိုင်ရာ၊ အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး နည်းပြ(နည်းစနစ်)ရာထူးအတွက် ရေးဖြေအောင်မြင်သူများကိုသာ အဓိကအားကစားနှင့် ကြံ့ခိုင်စွမ်းရည်စစ်ဆေး၍ လူတွေ့စာမေးပွဲဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ ကျန်ရာထူးများအတွက် ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၉။ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၆၀၂၁၊ ၀၆၇-၃၄၀၆၂၀၃ သို့ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန